# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

## Press Release

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ၂၀၁၈ ခုနှစ်အတွက် ခြောက်သန်းမြောက်ခရီးသည်ကို ကြိုဆို

- *မြန်မာနိုင်ငံ၏ အစည်ကားဆုံးနိုင်ငံတကာလေဆိပ်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ယနေ့နံနက်တွင် Singapore Airlines ဖြင့် ရောက်ရှိလာသော ၂၀၁၈ ခုနှစ်အတွက် ခြောက်သန်းမြောက်ခရီးသည်ကို ကြိုဆို။*
- *ကံထူးရှင်ခရီးသည်မှ မြန်မာငွေကျပ်တစ်သန်း နှင့် မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ ကို လက်ခံရရှိ။*

**ရန်ကုန်- ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်** - မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် Singapore Airlines flight SQ998 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ၂၀၁၈ ခုနှစ်၏ ခြောက်သန်းမြောက်ခရီးသည်ကို ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကြိုဆိုခဲ့ပါသည်။

ယနေ့ နံနက် ၉ နာရီ ၂၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ကံထူးရှင်ခရီးသည် မပင်းပင်းအေး နှင့် မိသားစုကို လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီဥက္ကဌ ဦးမြင့်ဌေး၊ Yangon Aerodrome Company Limited မှ တာဝန်ရှိသူများ နှင့် Singapore Airlines မှ တာဝန်ရှိသူများမှ နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြပါသည်။




*၂၀၁၈ ခုနှစ်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခြောက်သန်းမြောက် ခရီးသည် မပင်းပင်းအေး နှင့် မိသားစုအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Singapore Airlines မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်*

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့သော ခြောက်သန်းမြောက်ခရီးသည်ကြိုဆိုခြင်း အခမ်းအနားတွင် ကံထူးရှင်ခရီးသည် မဂင်းဂင်းအေးနှင့် မိသားစုကို မြန်မာငွေကျပ်တစ်သန်းနှင့် အခြားမြန်မာငွေကျပ် တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အဆိုပါလက်ဆောင်ပစ္စည်းများတွင် နေပြည်တော်ရှိ Horizon Lakeview Hotel and Resort ၌ နှစ်ညတာ အခမဲ့အနားယူခွင့်၊ Samsonite travel luggage နှင့် passport holder ၊ artisan made-in-Myanmar bag ၊ JBL wireless headphones နှင့် အခြားသော ခရီးသွားအသုံးအဆောင်ပစ္စည်းများပါဝင်ပါသည်။ ကံထူးရှင်ခရီးသည်အား Singapore Airlines မှ အမှတ်တရလက်ဆောင်အဖြစ် လေယာဉ်ပုံစံငယ်ပေးအပ်ခဲ့ပါသည်။ ခရီးစဉ်တစ်ခုတည်းတွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကိုလည်း duty-free ကူပွန်များ၊ ကံစမ်းမဲကူပွန်များ၊ YACL key chain များ နှင့် SQ canvas bag များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါသည်။

ကံထူးရှင်ခရီးသည် မဂင်းဂင်းအေးမှ "အခုလို ကံထူးရှင်အဖြစ်ရွေးချယ်ခံရပြီး ဆုလက်ဆောင်တွေပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ရန်ကုန်လေဆိပ်ဝန်ဆောင်မှုက ပထမအခေါက်ပြန်လာတုန်းကလည်း ကောင်းတယ်။ အခု ဒုတိယအခေါက်ပြန်လာတော့ ပိုကောင်းတယ်။" ဟု ပြောကြားခဲ့ပါသည်။

Yangon Aerodrome Company Limited ၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong မှလည်း "အရင်နှစ်က ကိုင်တွယ်ဝန်ဆောင်မှုပေးခဲ့တဲ့ ခရီးသည်ပမာဏ ၅.၉၂ သန်းစံချိန်ကို ကျော်လွန်ပြီး ဒီခုနှစ်မှာ ခြောက်သန်းမြောက်ခရီးသည်ကို ကြိုဆိုပြီး ၂၀၁၈ ခုနှစ်ကို နှုတ်ဆက်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တာဝန်ရှိသူတွေက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလက စတင်ဆောင်ရွက်ပေးတဲ့ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်တွေနဲ့ ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှုတွေဟာ အလွန်အကျိုးသက်ရောက်မှုရှိပါတယ်။ ဒီလိုအထင်ကရမှတ်ကျောက်တစ်ခုကို ရရှိနိုင်ခဲ့တာဟာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသည်တွေကြောင့်အပြင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ကူညီထောက်ပံ့ပေးမှုတွေ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုတွေနဲ့ Singapore Airlines လိုမျိုး မိတ်ဖက်လေကြောင်းလိုင်းတွေကြောင့်လည်း ဖြစ်ပါတယ်။ ဒီလို မှတ်ကျောက်တစ်ခုဟာ ကျွန်တော်တို့လေဆိပ်သည် အနာဂတ်မှာ တိုးတက်လာနိုင်ခြေများစွာရှိတဲ့ အရှေ့တောင်အာရှရဲ့ လေဆိပ်တွေထဲက တစ်ခုဖြစ်ကြောင်း သက်သေထူလိုက်တာပါပဲ။" ဟု ပြောကြားခဲ့ပါသည်။

"လာမယ့် ၂၀၁၉ မှာလည်း လေဆိပ်စွမ်းဆောင်ရည်တွေ၊ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်မှုတွေပြုလုပ်သွားမှာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာလေကြောင်းဆက်သွယ်မှုတွေကိုလည်း တိုးချဲ့မြှင့်တင်မှုတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းတွေကို အဆင့်မြှင့်တင်တိုးချဲ့သွားမှုတွေနဲ့အတူ ပိုမိုများပြားတဲ့ ခရီးသည်ပမာဏကို ကိုင်တွယ်ဝန်ဆောင်မှုပေးနိုင်ပြီး ပိုမိုများပြားတဲ့ စံချိန်တွေ စဉ်ဆက်မပြတ်ရရှိသွားနိုင်ဖို့ မျှော်မှန်းထားပါတယ်။" ဟုလည်း ၎င်းက ပြောကြားသွားခဲ့ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဂန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဂသော နိုင်ငံတကာအဆင့်မီဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင်နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဂေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၇ ခုနှစ်  အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။


**YANGON AERODROME COMPANY LIMITED**
For media queries, please contact the **YACL Media Office** at media.relations@yangon.aero